ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန

စာအမှတ်၊ ညကခ/ စမရ/ ဥပဒေ/ ၂၀၂၀ ( ၁၁၇ )

ရက် စွဲ ၊ ၂၀၂၀ ပြည့်နှစ် ဩဂုတ်လ ၂၆ ရက်

အကြောင်းအရာ။ **ကျွဲ၊ နွား များကို ပြည်တွင်း၌ သယ်ဆောင်ရန် လျှောက်ထားမှုများနှင့် စပ်လျဉ်း၍ ခွင့်ပြုရာတွင် လိုက်နာ ဆောင်ရွက်ရန်ကိစ္စ**

ကျွဲ၊ နွား များကို ပြည်တွင်း၌ သယ်ဆောင်ခွင့် လျှောက်ထားလာမှုများနှင့်စပ်လျဉ်း၍ ခွင့်ပြုရာတွင် ကူးစက်ရောဂါ ကာကွယ်ရေး သို့မဟုတ် ထိန်းချုပ်ရေးအတွက် မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာန၊ရုံးချုပ်နှင့် ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ဦးစီးဌာနမှူးများ၊ ခရိုင်ဦးစီးဌာနမှူးများ၊ မြို့နယ်ဦးစီးဌာနမှူးများသည် ဤညွှန်ကြားချက်ပါအတိုင်း ဆောင်ရွက်ကြရမည်။

၁။ **ကျွဲ၊ နွားများ စတင်သယ်ဆောင်မည့် ဒေသရှိ မြို့နယ်ဦးစီးဌာနမှူးသည်-**

(က) ကျွဲ၊ နွား သယ်ဆောင်ခွင့်အတွက် လျှောက်ထားချက်ကို လက်ခံရရှိသည့်အခါ လျှောက်လွှာပါအချက်များကို စိစစ်ရမည့်အပြင် ပူးတွဲပါရှိရမည့် အောက်ပါစာရွက်စာတမ်းများကိုလည်း စိစစ်ရမည်-

(၁) ကျွဲ၊ နွား များသယ်ဆောင်ရောက်ရှိမည့် ဒေသရှိ မြို့နယ်ဦးစီးဌာနမှူး၏ ထောက်ခံစာ။

(၂) စီးပွားဖြစ်မွေးမြူရေးလုပ်ငန်းအတွက် သယ်ဆောင်ရန်ဖြစ်ပါက ကျွဲ၊နွားများ သယ်ဆောင်ရောက်ရှိမည့် ဒေသရှိ မွေးမြူရေးခြံလုပ်ငန်းမှတ်ပုံတင်လက်မှတ် (AHD/PC-7)။

(၃) သားသတ်ခြင်းလုပ်ငန်းအတွက် သယ်ဆောင်ရန်ဖြစ်ပါက ရက် ၃၀ ကြိုတင် လျှောက်ထားခြင်း ရှိ မရှိ နှင့် သက်ဆိုင်ရာ အစိုးရဌာန သို့မဟုတ် အဖွဲ့အစည်းအသီးသီးက ထုတ်ပေးထားသော အသားထုတ်လုပ် ရောင်းချခွင့် လက်မှတ် သို့မဟုတ် သားသတ်လုပ်ငန်း လုပ်ကိုင်ခွင့် အထောက်အထား၊ လအလိုက် သားသတ်ခွင့်ပြုကောင်ရေစာရင်း။

(၄) ပြည်ပသို့ တင်ပို့ခြင်းအတွက် စုဆောင်းရန်ဖြစ်ပါက ကုမ္ပဏီမှတ်ပုံတင် လက်မှတ်၊ စုဆောင်းခြံမှတ်ပုံတင်လက်မှတ် (AHD/PC-7)၊ တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းကုန်သွယ်မှုဆိုင်ရာ အသိအမှတ်ပြုကတ်(SMART Card)၊

ရုံးချုပ်က နောက်ဆုံး အတည်ပြုထားသော ကိုယ်တိုင်မွေး၊ မွေးဖက်ပေး ကောင်ရေ အတည်ပြုချက်အတိုင်း နှစ်အလိုက် ကျွဲ၊ နွား တင်ပို့မည့် ကောင်ရေ၊ တင်ပို့ပြီးကောင်ရေနှင့် တင်ပို့ရန် ကျန်ကောင်ရေ၊ ယခုစုဆောင်းမည့် ကောင်ရေ။

(၅) တောင်သူလယ်သမားတစ်ဦးက နှစ်ကောင်ထက် မပိုသော ခိုင်းကျွဲ၊ ခိုင်းနွားများကို မွေးမြူရန် သို့မဟုတ် လယ်ယာလုပ်ငန်းတွင် အမှန်တကယ် အသုံးပြုရန် မြို့နယ်၊ ခရိုင်၊ ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ခြားသော်လည်း ကျေးရွာအုပ်စုနယ်နိမိတ်ချင်း ထိစပ်နေသည့် ကျေးရွာတစ်ခုမှ အခြားကျေးရွာတစ်ခုသို့ သယ်ဆောင်ရန် လျှောက်ထားခြင်းဖြစ်ပါက ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးက ထုတ်ပေးသော မွေးမြူရန် သို့မဟုတ် လယ်ယာလုပ်ငန်းတွင် အမှန်တကယ် အသုံးပြုရန် ဖြစ်ကြောင်း ထောက်ခံစာ။

(၆) အခြားကိစ္စရပ်များအတွက် သယ်ဆောင်ရန်ဖြစ်ပါက လုပ်ငန်းအမျိုးအစားအလိုက် သက်ဆိုင်သည့် အထောက်အထားများ။

(၇) သယ်ဆောင်လိုသူ၏ ကတိဝန်ခံချက်။

(ခ) ကျွဲ၊ နွားသယ် ဆောင်ခွင့်အတွက် လျှောက်ထားချက်ကို လက်ခံစိစစ်ပြီးသည့်အခါ ကျွဲ၊ နွား သယ်ဆောင်ရောက်ရှိမည့် ဒေသရှိ မြို့နယ်ဦးစီးဌာနမှူးထံ သဘောထားတောင်းခံရမည်။ သဘောတူကြောင်း ပြန်ကြားလာပါက သက်ဆိုင်ရာ ခရိုင်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ ပြည်ထောင်စုနယ်မြေ(နေပြည်တော်) မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန သို့မဟုတ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန (ရုံးချုပ်)သို့ ခွင့်ပြုချက် တောင်းခံရမည်။

(ဂ) တိရစ္ဆာန်ကျန်းမာရေးစစ်ဆေးခြင်းနှင့် သက်ဆိုင်ရာခရိုင်ဦးစီးဌာနမှူးသို့ အစီရင်ခံတင်ပြခြင်းတို့ကို အောက်ပါအတိုင်းဆောင်ရွက်ရမည်-

(၁) ကျွဲ၊ နွား များ၏ ကျန်းမာရေး အခြေအနေကို စစ်ဆေးပြီး ကာကွယ်ဆေးထိုးနှံထားခြင်းမရှိသေးသော ကျွဲ၊ နွား များအား လိုအပ်သော ကာကွယ်ဆေးများကို ထိုးနှံပေးရမည်။

(၂) ကျွဲ၊ နွား များတွင် ကျန်းမာကြောင်း စစ်ဆေးတွေ့ရှိရပါက ကျွဲ၊ နွားများအား မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန (ရုံးချုပ်) က အသိအမှတ်ပြုထားသော တိရစ္ဆာန်အမှတ်အသား(Ear-Tag) တပ်ဆင်ပေးပြီး သယ်ဆောင်မည့် ကျွဲ၊ နွား ပိုင်ရှင် သို့မဟုတ် လက်ဝယ်ရှိသူအား တိရစ္ဆာန် ကျန်းမာရေး စစ်ဆေးခြင်း

အတွက် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန (ရုံးချုပ်)က သတ်မှတ်ထားသော အခကြေးငွေကို ပေးသွင်းစေရမည်။

(၃) ကျွဲ၊ နွား သယ်ဆောင်မည့်သူက ရေးသွင်းဖြည့်စွက်ထားသော သယ်ဆောင်ခွင့်လျှောက်လွှာပုံစံတွင် မိမိမြို့နယ်၏ ကျွဲ၊ နွား ပိုလျှံမှုအခြေအနေကို သုံးသပ်ဖော်ပြ၍ လျှောက်လွှာကို တိရစ္ဆာန်ကျန်းမာရေးထောက်ခံချက်လက်မှတ် (AHD/ PC-3)၊ ပူးတွဲပါရှိရမည့် စာရွက်စာတမ်းအထောက်များနှင့် အတူ သက်ဆိုင်ရာခရိုင်ဦးစီးဌာနမှူးသို့ အစီရင်ခံ ပေးပို့ရမည်။

(၄) သက်ဆိုင်ရာ ခရိုင်ဦးစီးဌာနမှူးက ထုတ်ပေးသော ကျွဲ၊ နွား သယ်ဆောင်ခွင့်လက်မှတ် သို့မဟုတ် သက်ဆိုင်ရာ ခရိုင်ဦးစီးဌာနမှူးက ထုတ်ပေးသော ကျွဲ၊ နွားသယ်ဆောင်ခွင့် လက်မှတ်နှင့် ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန(ရုံးချုပ်) က ထုတ်ပေးသော စိစစ်ပြီးခွင့်ပြုကြောင်း အကြောင်းကြားစာတို့ကို လက်ခံရရှိပါက သယ်ဆောင်မည့် ကျွဲ၊ နွား ပိုင်ရှင် သို့မဟုတ် လက်ဝယ်ရှိသူအား တိရစ္ဆာန်ကျန်းမာရေး ထောက်ခံချက်လက်မှတ် (AHD/ PC-3) မူရင်း၊ ခရိုင်ဦးစီးဌာနမှူးကထုတ်ပေးသော ကျွဲ၊ နွား သယ်ဆောင်ခွင့်လက်မှတ်၊ ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန(ရုံးချုပ်)က ထုတ်ပေးထားသော စိစစ်ပြီးခွင့်ပြုကြောင်း အကြောင်းကြားစာတို့ကို ထုတ်ပေးရမည်။ ယင်းသို့ ထုတ်ပေးပြီးကြောင်းကို ကျွဲ၊ နွား သယ်ဆောင် ရောက်ရှိမည့် ဒေသရှိ မြို့နယ်ဦးစီးဌာနမှူးသို့ ချက်ချင်း အကြောင်းကြားရမည့်ပြင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန အထက်ရုံး အဆင့်ဆင့်သို့လည်း ချက်ချင်း အစီရင်ခံတင်ပြရမည်။

(၅) အသားစားကျွဲ၊ အသားစားနွား သို့မဟုတ် နို့စားကျွဲ၊ နို့စားနွား ဖြစ်ကြောင်း ထောက်ခံပေးရာတွင် မြို့နယ်ဦးစီးဌာနမှူးဦးဆောင်သော ဦးစီးဌာန၏ နယ်မြေတာဝန်ခံဝန်ထမ်း အနည်းဆုံး ၁ ဦးပါဝင်သည့် အဖွဲ့ဖြင့် စစ်ဆေး၍ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန(ရုံးချုပ်)က အသိအမှတ်ပြုထားသော တိရစ္ဆာန်အမှတ်အသား(Ear Tag)တပ်ဆင်ပေးပြီး သယ်ဆောင်မည့် ကျွဲ၊ နွား ပိုင်ရှင် သို့မဟုတ် လက်ဝယ်ရှိသူအား တိရစ္ဆာန် ကျန်းမာရေးထောက်ခံချက်လက်မှတ် (AHD/ PC-3) မူရင်းနှင့် အသားစားကျွဲ၊ အသားစားနွား သို့မဟုတ် နို့စားကျွဲ၊ နို့စားနွား ဖြစ်ကြောင်း ထောက်ခံချက်တို့ကို ထုတ်ပေးရမည်။ ယင်းသို့ထုတ်

ပေးပြီးကြောင်းကို ကျွဲ၊ နွားများ သယ်ဆောင်ရောက်ရှိမည့် ဒေသရှိ မြို့နယ်ဦးစီးဌာနမှူးသို့ ချက်ချင်း အကြောင်းကြားရမည့်ပြင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန အထက်ရုံးအဆင့်ဆင့်သို့လည်း ချက်ချင်း အစီရင်ခံ တင်ပြရမည်။

(၆) တောင်သူလယ်သမားတစ်ဦးက နှစ်ကောင်ထက်မပိုသော ခိုင်းကျွဲ၊ ခိုင်းနွားများကို မြို့နယ်ခရိုင်၊ ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ခြားသော်လည်း ကျေးရွာအုပ်စုနယ်နိမိတ်ချင်း ထိစပ်နေသည့် ကျေးရွာတစ်ခုမှ အခြားကျေးရွာတစ်ခုသို့ သယ်ဆောင်ရန် လျှောက်ထားခြင်းဖြစ်ပါက သယ်ဆောင်မည့် ကျွဲ၊ နွားများအား ကျန်းမာရေးစစ်ဆေးပေးပြီး တိရစ္ဆာန်ကျန်းမာရေးထောက်ခံချက်လက်မှတ်(AHD/PC-3) နှင့်အတူ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၏ ထောက်ခံစာကို ပြန်လည် ထုတ်ပေးရမည်။ ယင်းသို့ ထုတ်ပေးပြီးကြောင်းကို ကျွဲ၊ နွားသယ်ဆောင် ရောက်ရှိမည့် ဒေသရှိ မြို့နယ်ဦးစီးဌာနမှူးသို့ ချက်ချင်း အကြောင်းကြားရမည့်ပြင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန အထက်ရုံးအဆင့်ဆင့်သို့လည်း ချက်ချင်း အစီရင်ခံတင်ပြရမည်။

၂။ **ကျွဲ၊ နွားများ သယ်ဆောင်ရောက်ရှိမည့်ဒေသရှိ မြို့နယ်ဦးစီးဌာနမှူးသည်-**

(က) မိမိဒေသရှိ ကျွဲ၊ နွားသယ်ဆောင်လိုသူမှ ကျွဲ၊ နွား သယ်ဆောင်ခွင့်လျှောက်ထားရန် ၎င်းအသုံးပြုလိုသည့်ကိစ္စအတွက် ကျွဲ၊ နွား လိုအပ်ကြောင်း ထောက်ခံပေးရန် တင်ပြလာပါက အောက်ပါအတိုင်း စိစစ်ပြီးမှသာ ထောက်ခံရမည်-

(၁) စီးပွားဖြစ်မွေးမြူရန် သယ်ဆောင်ခြင်းဖြစ်ပါက မွေးမြူရေးခြံသည် သတ်မှတ်ချက်နှင့်ကိုက်ညီမှု ရှိသည့်အပြင် အစာ၊ရေ၊အဆောက်အဦ လုံလောက်မှု ရှိ မရှိ၊

(၂) သားသတ်ခြင်းလုပ်ငန်းအတွက် သယ်ဆောင်ခြင်းဖြစ်ပါက အသားထုတ်လုပ်ရောင်းချခွင့်လက်မှတ် သို့မဟုတ် သားသတ်လုပ်ငန်း လုပ်ကိုင်ခွင့် အထောက်အထား ရှိ မရှိ၊ လအလိုက် အမှန်သားသတ်ခွင့်ပြု ကောင်ရေ စာရင်းနှင့် ယခင် သတ်ဖြတ်ခဲ့သည့် ကျွဲ၊ နွားကောင်ရေအတိုင်း သတ်ဖြတ်မည့် တိရစ္ဆာန်၏ ကျန်းမာရေးစစ်ဆေးခြင်းနှင့် သတ်ဖြတ်ပြီးရရှိလာသည့် အသားစစ်ဆေးခြင်းတို့အတွက် (AHD/PC-11, AHD/PC-12, AHD/PC-13) ကြေးပေးသွင်းမှုအခြေအနေ၊

(၃) ပြည်ပတင်ပို့ခြင်းအတွက် ဝယ်ယူစုဆောင်းရန်ဖြစ်ပါက ကုမ္ပဏီမှတ်ပုံတင်လက်မှတ်၊ တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်း ကုန်သွယ်မှုဆိုင်ရာ အသိအမှတ်ပြုကတ် (SMART Card) ရှိ မရှိ၊ စုဆောင်းခြံသည် သတ်မှတ်ချက်နှင့်ကိုက်ညီမှု ရှိသည့်ပြင် အစာ၊ရေအဆောက်အဦ လုံလောက်မှု ရှိ မရှိ၊ ရုံးချုပ်က နောက်ဆုံးအတည်ပြုထားသော ကိုယ်တိုင်မွေး၊ မွေးဖက်ပေးကောင်ရေ အတည်ပြုချက်အတိုင်း နှစ်အလိုက် ကျွဲ၊ နွား တင်ပို့မည့် ကောင်ရေ၊ တင်ပို့ပြီး ကောင်ရေနှင့် တင်ပို့ရန် ကျန်ကောင်ရေ၊ ယခု စုဆောင်းမည့် ကောင်ရေ။

(ခ) ကျွဲ၊ နွားများ စတင်သယ်ဆောင်မည့် ဒေသရှိ မြို့နယ်ဦးစီးဌာနမှူးမှ ကျွဲ၊ နွား သယ်ဆောင်ခြင်းနှင့်စပ်လျဉ်း၍ သဘောထားတောင်းခံလာသည့်အခါ မိမိ မြို့နယ်၏ ကျွဲ၊ နွား ပိုလျှံမှု အခြေအနေ၊ ဈေးကွက်အခြေအနေ၊ မွေးမြူရန်ဖြစ်ပါက မွေးမြူရေးခြံအခြေအနေ၊ သားသတ်ရန်ဖြစ်ပါက အမှန် သားသတ်ကောင်ရေနှင့် ယခင် သတ်ဖြတ်ခဲ့သည့် ကျွဲ၊ နွားကောင်ရေအတိုင်း သတ်ဖြတ်မည့် တိရစ္ဆာန်၏ ကျန်းမာရေးစစ်ဆေးခြင်းနှင့် သတ်ဖြတ်ပြီး ရရှိလာသည့် အသားစစ်ဆေးခြင်း တို့အတွက် (AHD/PC-11, AHD/PC-12, AHD/PC-13) ကြေးပေးသွင်းမှု အခြေအနေ၊ ပြည်ပတင်ပို့ခြင်းအတွက် ဝယ်ယူစုဆောင်းရန်ဖြစ်ပါက စုဆောင်းခြံ အခြေအနေနှင့် သယ်ဆောင်သူ၏ စည်းကမ်းလိုက်နာမှု အခြေအနေတို့ကို သုံးသပ်၍ သဘောတူကြောင်း မတူကြောင်း ပြန်ကြားပေးရမည်။

(ဂ) မိမိဒေသသို့ ကျွဲ၊ နွားများ သယ်ဆောင်ရောက်ရှိကြောင်းကို ကျွဲ၊ နွား ပိုင်ရှင်၊ သို့မဟုတ် လက်ဝယ်ရှိသူ၏ အကြောင်းကြားမှု ရရှိသည့်အခါတွင်ဖြစ်စေ၊ ကျွဲ၊ နွား သယ်ဆောင်ခွင့်လက်မှတ်ထုတ်ပေးပြီးကြောင်းကို စတင်သယ်ဆောင်မည့် ဒေသရှိ မြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှူး၏ အကြောင်းကြားမှု ရရှိသည့်အခါတွင်ဖြစ်စေ သတ်မှတ်ချက်များနှင့် ကိုက်ညီမှု ရှိ မရှိ သွားရောက်စစ်ဆေး၍ ကျွဲ၊ နွား သယ်ဆောင်ခွင့်အတွက် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက ထုတ်ပေးထားသော စာရွက်စာတမ်းများအားလုံးကို သိမ်းယူရမည်။

(ဃ) ယင်းစစ်ဆေးတွေ့ရှိချက်ကို ကျွဲ၊ နွားများ စတင်သယ်ဆောင်ခဲ့သည့် ဒေသရှိ မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှူးသို့ ပြန်လည် အကြောင်းကြားရမည့်ပြင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန အထက်ရုံးအဆင့်ဆင့်သို့လည်း အစီရင်ခံ တင်ပြရမည်။

(င) ကျွဲ၊ နွားများကို မွေးမြူရန် သယ်ဆောင်ခွင့် ပြုခဲ့ကြောင်း စိစစ်တွေ့ရှိရပါက ယင်း ကျွဲ၊ နွားများအား သတ်မှတ်ကာလအထိ အမှန်တကယ် မွေးမြူထားခြင်း ရှိ မရှိ ကို လစဉ်စစ်ဆေးရမည်။ စစ်ဆေးပြီးကြောင်း အစီရင်ခံစာကို သက်ဆိုင်ရာ ခရိုင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနသို့ တင်ပြရမည်။

(စ) ကျွဲ၊ နွားများကို အသားထုတ်လုပ်ရန် သယ်ဆောင်ခွင့်ပြုခဲ့ကြောင်း စိစစ်တွေ့ရှိရပါက ယင်း ကျွဲ၊ နွားများအား အမှန်တကယ် အသားထုတ်လုပ်ခြင်း ရှိ မရှိ ကို စစ်ဆေးပြီး သတ်ဖြတ်မည့် တိရစ္ဆာန်၏ ကျန်းမာရေးစစ်ဆေးခြင်းနှင့် သတ်ဖြတ်ပြီးရရှိလာသည့် အသားစစ်ဆေးခြင်းတို့အတွက် အခကြေးငွေကို ပေးသွင်း စေရမည်။ သတ်ဖြတ်သည့် ကျွဲ၊ နွားများတွင် တပ်ဆင်ထားသော တိရစ္ဆာန်အမှတ် အသား (Ear Tag)ကို သိမ်းယူရမည်။ စစ်ဆေးပြီးကြောင်း အစီရင်ခံစာကို သက်ဆိုင်ရာ ခရိုင်မွေးမြူရေး နှင့်ကုသရေးဦးစီးဌာနသို့ တင်ပြရမည်။

(ဆ) ကျွဲ၊နွားများကို ပြည်ပသို့တင်ပို့ခြင်းအတွက် ဝယ်ယူစုဆောင်းခွင့်ပြုခဲ့ကြောင်း စိစစ် တွေ့ရှိပါက ယင်း ကျွဲ၊ နွားများအား စုဆောင်းခြံတွင် ရှိ မရှိ နှင့် စီမံချက်ပါ အချက်များနှင့် ကိုက်ညီမှု ရှိ မရှိ တိုက်ဆိုင် စစ်ဆေးရမည်။ စစ်ဆေးပြီးကြောင်း အစီရင်ခံစာကို သက်ဆိုင်ရာခရိုင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနသို့ တင်ပြ ရမည်။

**၇။ ကျွဲ၊ နွားများ စတင်သယ်ဆောင်မည့် ဒေသရှိ ခရိုင်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှူး သည် သက်ဆိုင်ရာမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှူးမှ အစီရင်ခံတင်ပြလာသော ကျွဲ၊ နွား သယ်ဆောင်ခွင့်လျှောက်လွှာ၊ သယ်ဆောင်မည့် ကျွဲ၊ နွားများ၏ တိရစ္ဆာန် ကျန်းမာရေး ထောက်ခံချက်လက်မှတ် AHD/PC (3)နှင့် ပူးတွဲပါရှိသည့်စာရွက်စာတမ်းများကို ရရှိသည့်အခါ သေချာစွာစိစစ်၍ အောက်ပါအတိုင်း ဆောင်ရွက်ရမည်-**

(က) ခရိုင်အတွင်း သယ်ဆောင်ရန်ဖြစ်ပါက ကျွဲ၊ နွားသယ်ဆောင်ခွင့်လက်မှတ်ကို ကျွဲ၊ နွား စတင်သယ်ဆောင်မည့် ဒေသရှိ မြို့နယ်ဦးစီးဌာနမှူး မှတစ်ဆင့် သယ်ဆောင်မည့် သူအား ထုတ်ပေးရမည်။ ယင်းသို့ ထုတ်ပေးပြီးကြောင်းကို ကျွဲ၊ နွားများ သယ်ဆောင် ရောက်ရှိမည့် ဒေသရှိ ခရိုင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှူးသို့ အကြောင်းကြား ရမည့်ပြင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန အထက်ရုံးအဆင့်ဆင့်သို့လည်း အစီရင်ခံ တင်ပြရမည်။

(ခ) ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း သယ်ဆောင်ရန် ဖြစ်ပါက ပြည်ထောင်စုနယ်မြေ၊ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဦးစီးဌာနမှူးသို့ ဆက်လက် အစီရင်ခံတင်ပြရမည်။

(ဂ) ပြည်ထောင်စုနယ်မြေ၊ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဦးစီးဌာနမှူး၏ စိစစ်ပြီး ခွင့်ပြုကြောင်း အကြောင်းကြားစာရရှိပါက သယ်ဆောင်ခွင့်လက်မှတ်နှင့် စိစစ်ပြီးခွင့်ပြုကြောင်း အကြောင်းကြားစာကို ကျွဲ၊ နွား စတင်သယ်ဆောင်မည့် ဒေသရှိ မြို့နယ်ဦးစီးဌာနမှူးမှတစ်ဆင့် သယ်ဆောင်မည့်သူအား ထုတ်ပေးရမည်။ ယင်းသို့ ထုတ်ပေးပြီးကြောင်းကို ကျွဲ၊ နွားများ သယ်ဆောင် ရောက်ရှိမည့် ဒေသရှိ ခရိုင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှူးသို့ အကြောင်းကြားရမည့်ပြင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန အထက်ရုံးအဆင့်ဆင့်သို့လည်း အစီရင်ခံ တင်ပြရမည်။

(ဃ) ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကျော် သယ်ဆောင်ရန် ဖြစ်ပါက မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန(ရုံးချုပ်)သို့ ဆက်လက် အစီရင်ခံ တင်ပြရမည်။

(င) မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနရုံးချုပ်၏ စိစစ်ပြီး ခွင့်ပြုကြောင်း အကြောင်းကြားစာ ရရှိပါက သယ်ဆောင်ခွင့် လက်မှတ်နှင့် စိစစ်ပြီးခွင့်ပြုကြောင်း အကြောင်းကြားစာကို ကျွဲ၊ နွား စတင်သယ်ဆောင်မည့် ဒေသရှိ မြို့နယ်ဦးစီးဌာနမှူးမှတစ်ဆင့် သယ်ဆောင်မည့်သူအား ထုတ်ပေးရမည်။ ယင်းသို့ ထုတ်ပေးပြီးကြောင်းကို ကျွဲ၊ နွားများ သယ်ဆောင် ရောက်ရှိမည့် ဒေသရှိ ခရိုင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှူးသို့ ချက်ချင်း အကြောင်းကြားရမည့်ပြင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန အထက်ရုံးအဆင့်ဆင့်သို့လည်း ချက်ချင်းအစီရင်ခံ တင်ပြရမည်။

(စ) ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှူး သို့မဟုတ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန(ရုံးချုပ်)၏ စိစစ်ပြီးခွင့်ပြုကြောင်း အကြောင်းကြားစာ စတင်ထုတ်ပေးသည့်ရက်မှ ၃ ရက် အတွင်း ကျွဲ၊ နွားသယ်ဆောင်ခွင့်လက်မှတ်ကို အပြီးထုတ်ပေးရမည်။

(ဆ) သားသတ်ခြင်းအတွက် သယ်ဆောင်ခွင့်ပြုခြင်းဖြစ်ပါက လျှောက်ထားစဉ်က ဖော်ပြထားသော လအတွက် အဆိုပါလ မတိုင်မီ ကျွဲ၊ နွားသယ်ဆောင်ခွင့်လက်မှတ် ထုတ်ပေးရမည်။

၄။ ကျွဲ၊ နွားများ သယ်ဆောင်ရောက်ရှိမည့်ဒေသရှိ ခရိုင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှူး သည်-

(က) ကျွဲ၊ နွားများ သယ်ဆောင်ရောက်ရှိခြင်းနှင့်စပ်လျဉ်း၍ ကျွဲ၊ နွားသယ်ဆောင်ရောက်ရှိသည့် ဒေသရှိ သက်ဆိုင်ရာ မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှူး၏ အစီရင်ခံ တင်ပြချက်ကို ရရှိသည့်အခါ သတ်မှတ်ချက်များနှင့် ကိုက်ညီမှု ရှိ မရှိ စိစစ်၍ မှတ်တမ်းထားရှိပြီး ကျွဲ၊ နွား စတင်သယ်ဆောင်ခဲ့သည့် ဒေသရှိ ခရိုင် ဦးစီးဌာနမှူးသို့ ပြန်လည်အကြောင်းကြားရမည့်ပြင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန အထက်ရုံးအဆင့်ဆင့်သို့လည်း အစီရင်ခံ တင်ပြရမည်။

(ခ) ကျွဲ၊ နွားများကို မွေးမြူရန် သယ်ဆောင်ခွင့်ပြုခဲ့ကြောင်း စိစစ်တွေ့ရှိရပါက ယင်းကျွဲ၊ နွားများအား သတ်မှတ်ကာလအထိ အမှန်တကယ် မွေးမြူထားခြင်း ရှိ မရှိကို သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနမှူးအား သွားရောက်စစ်ဆေး တင်ပြစေပြီး ယင်းစစ်ဆေး တင်ပြချက်ကို သီးသန့်မှတ်တမ်းထားရှိရမည့်ပြင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန အထက်ရုံး အဆင့်ဆင့်သို့လည်း အစီရင်ခံတင်ပြရမည်။

(ဂ) ကျွဲ၊ နွားများကို အသားထုတ်လုပ်ရန် သယ်ဆောင်ခွင့်ပြုခဲ့ကြောင်း စိစစ်တွေ့ရှိရပါက ယင်း ကျွဲ၊ နွားများအား အမှန်တကယ် အသားထုတ်လုပ် ခြင်း ရှိ မရှိ နှင့် စပ်လျဉ်း၍ သက်ဆိုင်ရာမြို့နယ် ဦးစီးဌာနမှူးအား စစ်ဆေးတင်ပြစေပြီး ယင်းစစ်ဆေးတင်ပြချက်ကို သီးသန့်မှတ်တမ်းထားရှိရမည့်ပြင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန အထက်ရုံးအဆင့်ဆင့်သို့လည်း အစီရင်ခံ တင်ပြရမည်။

(ဃ) ကျွဲ၊နွားများကို ပြည်ပသို့တင်ပို့ခြင်းအတွက် ဝယ်ယူစုဆောင်းခွင့်ပြုခဲ့ကြောင်း စိစစ်တွေ့ရှိပါက ယင်း ကျွဲ၊ နွားများအား စုဆောင်းခြံတွင် ရှိ မရှိ နှင့် စီမံချက်ပါ အချက်များနှင့် ကိုက်ညီမှု ရှိ မရှိ စစ်ဆေးရန် သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနမှူးအား ညွှန်ကြား၍ စစ်ဆေးတင်ပြ စေရမည်။

၅။ ပြည်ထောင်စုနယ်မြေ(နေပြည်တော်)၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဦးစီးဌာနမှူးသည်-

(က) ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ကျွဲ၊နွားသယ်ဆောင်ခွင့်အတွက် သက်ဆိုင်ရာ ခရိုင်ဦးစီးဌာနမှူးက ပေးပို့လာသော သယ်ဆောင်ခွင့်လျှောက်လွှာ၊ တိရစ္ဆာန်ကျန်းမာရေး ထောက်ခံချက်လက်မှတ် (AHD/ PC-3) နှင့် ပူးတွဲပါရှိသည့် စာရွက်စာတမ်းအထောက်အထားများကို အလျင်အမြန် စိစစ်ပြီး ကျွဲ၊နွား သယ်ဆောင်ခွင့်ပြုကြောင်း စိစစ်ပြီး ခွင့်ပြုကြောင်း အကြောင်းကြားစာကို ကျွဲ၊ နွားများ စတင်သယ်ဆောင်မည့်ဒေသရှိ သက်ဆိုင်ရာ ခရိုင် ဦးစီးဌာနမှူးသို့ ပေးပို့ရမည်။

(ခ) ယင်းသို့ ထုတ်ပေးပြီးကြောင်းကို ကျွဲ၊ နွားများ စတင်သယ်ဆောင်မည့် ဒေသရှိ မြို့နယ် ဦးစီးဌာနမှူးသို့ အကြောင်းကြားရမည့်ပြင် ရုံးချုပ်သို့လည်း ချက်ချင်း အစီရင်ခံ တင်ပြရမည်။

၆။ **မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန(ရုံးချုပ်)မှ သက်ဆိုင်ရာလုပ်ငန်းကို တာဝန်ယူဆောင်ရွက်ရသော ဌာနခွဲသည်-**

(က) ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကျော် ကျွဲ၊ နွား သယ်ဆောင်ခွင့်အတွက် သက်ဆိုင်ရာ ခရိုင်ဦးစီးဌာနမှူးက ပေးပို့လာသော သယ်ဆောင်ခွင့် လျှောက်လွှာ၊ တိရစ္ဆာန်ကျန်းမာရေး ထောက်ခံချက်လက်မှတ် (AHD/PC-3) နှင့် ပူးတွဲပါရှိသည့် စာရွက်စာတမ်းအထောက်အထားများကို အလျင်အမြန် စိစစ်ပြီး ကျွဲ၊ နွား သယ်ဆောင်ခွင့်ပြုကြောင်း စိစစ်ပြီး ခွင့်ပြုကြောင်း အကြောင်းကြားစာကို ကျွဲ၊နွားများ စတင်သယ်ဆောင်မည့်ဒေသရှိ သက်ဆိုင်ရာ ခရိုင် ဦးစီးဌာနမှူးသို့ ပေးပို့ရမည်။

(ခ) ယင်းသို့ ထုတ်ပေးပြီးကြောင်းကို ကျွဲ၊ နွားများ စတင်သယ်ဆောင်မည့် ဒေသရှိ မြို့နယ်ဦးစီးဌာနမှူးသို့ အကြောင်းကြားရမည်။

၇။ ခရိုင်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှူး သို့မဟုတ် ပြည်ထောင်စုနယ်မြေ(နေပြည်တော်) မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှူး သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှူး သို့မဟုတ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန(ရုံးချုပ်)သည် ကျွဲ၊ နွား သယ်ဆောင်ခွင့် လျှောက်ထားလာမှုနှင့်စပ်လျဉ်း၍ ကျွဲ၊ နွားများ စတင်သယ်ဆောင်မည့်ဒေသရှိ မြို့နယ်ဦးစီးဌာနမှူးမှ ခွင့်ပြုချက်တောင်းခံလာသည့်အခါ စိစစ် ခွင့်ပြုရမည်။

ဒေါက်တာရဲထွန်းဝင်း

ညွှန်ကြားရေးမှူးချုပ်

ဖြန့်ဝေခြင်း

ပြည်ထောင်စုနယ်မြေ(နေပြည်တော်)နှင့်

တိုင်းဒေသကြီး/ပြည်နယ်ဦးစီးဌာနမှူးများ(အားလုံး)

ခရိုင်ဦးစီးဌာနမှူးများ(အားလုံး)

မြို့နယ်ဦးစီးဌာနမှူးများ(အားလုံး)

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန

20200825syk&amh

မိတ္တူကို

ညွှန်ကြားရေးမှူးချုပ်ရုံး၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန

ဒုတိယညွှန်ကြားရေးမှူးချုပ်၊ (စီမံ၊ သုကျန်း၊ မွေးဖွံ့)၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန

ဌာနခွဲ(အားလုံး)၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန

မျှောစာတွဲ

လက်ခံစာတွဲ